**စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

**အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)**

**စက်မှုကျွမ်းကျင် (၁) နှစ် သင်တန်း၊ အမှတ်စဉ် (၁၄) သင်တန်းဝင်ညွှန်ကြားလွှာ**

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုကျွမ်းကျင်(၁)နှစ် သင်တန်းအမှတ်စဉ်(၁၄)အတွက် သင်တန်းသားသစ်များခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)၊ စက်မှုကျွမ်းကျင်(၁)နှစ်သင်တန်း အမှတ်စဉ်(၁၄)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၁၃)၊ (၁၀)လမ်း၊ မန္တလေးမြို့ရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ဖွင့်လှစ်ပါမည်။

**သင်တန်းအမျိုးအစားနှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်များအား စာတွေ့(၃၀%) လက်တွေ့(၇၀%)သင်ကြားပို့ချမည်ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေးသင်ကြားပို့ချပါမည်။ သင်တန်းသား/သူ စုစုပေါင်း (၁၂၀)ဦးကို အောက်ဖော်ပြပါ ဘာသာရပ်များအလိုက် လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်-

| စဉ် | သင်ကြားပို့ချမည့်ဘာသာရပ် | သင်တန်းသား/သူ ဦးရေ | သင်တန်းကာလ | ပညာ အရည်အချင်း |
|---|---|---|---|---|
| ၁ | စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (Machine Tools Operator Course) | ၂၀ | ၁ နှစ် | စနစ်ဟောင်း တက္ကသိုလ်ဝင်တန်း (၁၀)တန်း ဖြေဆိုပြီးသူ (သို့) စနစ်သစ် Grade-12 သင်ယူပြီးမြောက်သူ |
| ၂ | ကွန်ပျူတာသုံးစက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း (CNC Operator Course) | ၂၀ | ၁ နှစ် | |
| ၃ | လျှပ်စစ်ပညာသည်သင်တန်း (Electrician Course) | ၂၀ | ၁ နှစ် | |
| ၄ | ဂဟေဆက်သင်တန်း (Welder Course) | ၂၀ | ၁ နှစ် | |
| ၅ | အဲယားကွန်းနှင့် ရေခဲသေတ္တာပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း (Air-Conditioning & Refrigeration Mechanic Course) | ၂၀ | ၁ နှစ် | |
| ၆ | မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်း (Automobile & Tractor Mechanic Course) | ၂၀ | ၁ နှစ် | |
| | **စုစုပေါင်း** | **၁၂၀** | | |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**လျှောက်ထားသူများတွင် ရှိရမည့် သတ်မှတ်အရည်အချင်းများ**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများဖြစ်ရမည်-

(က) စနစ်ဟောင်း တက္ကသိုလ်ဝင်တန်း (ဒသမတန်း) သင်ယူ/ဖြေဆိုဖူးသူ (သို့မဟုတ်) စနစ်သစ်ပညာရေး၏ Grade 12 သင်ယူပြီးမြောက်ပြီးသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ မေလ (၁၁) ရက်နေ့ (သင်တန်းစတင် ဖွင့်လှစ်သည့်နေ့ရက်)တွင် အသက် (၁၈) နှစ်ပြည့်ပြီး (၂၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား (ကျား/မ) ဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ (လူပျို/အပျို) ဖြစ်ရမည်။

( င ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

( စ ) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ နေထိုင်နိုင်သူဖြစ်ရမည်။

(ဆ) သင်တန်းမှ ချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါ အချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကိုသေချာစွာဖြည့်စွက် လျှောက်ထားရန်လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့်ရရှိသူ အမည်စာရင်းအားလူတွေ့နှုတ်မေး စစ်ဆေးမည့်ရက်မတိုင်မီ ရက်သတ္တ(၁)ပတ်ကြိုတင်၍ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)တွင် ကြေငြာထားမည် ဖြစ်ပါသည်။

(က) **လျှောက်လွှာ ရရှိနိုင်သောနေရာများ**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၅) ရက်နေ့မှစ၍ အောက်ဖော်ပြပါ ဌာနများတွင် ရယူလျှောက်ထားနိုင်ပါသည်-

(၁) အမှတ်(၂)စက်မှုသင်တန်းကျောင်း( မန္တလေး )၊ (၁၀)လမ်း၊ အကွက်(၁၃)၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

(၃) www.industry.gov.mm website တွင် download ပြုလုပ်ပြီးရယူနိုင်ပါသည်။

( ခ ) **လျှောက်လွှာပိတ်ရက်/ ပေးပို့ရန်နေရာ**

၂၀၂၆ ခုနှစ်၊ မတ်လ (၂၀)ရက် (၁၆:၀၀) နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာပါဌာနသို့ ပေးပို့ရပါမည်-

(၁) အမှတ် (၂) စက်မှုသင်တန်းကျောင်း(မန္တလေး)၊ (၁၀)လမ်း၊ အကွက်(၁၃)၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ (သို့မဟုတ်)

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

( ဂ ) **လျှောက်လွှာနှင့် အတူပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူအောက်ဖော်ပြပါ စာရွက်စာတမ်းများပါရှိရမည်-

(၁) လျှောက်လွှာမူရင်း ( ၁ ) စောင်

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ( ၁ ) စောင်

(၃) လိုင်စင်ဓါတ်ပုံ ( ၃ ) ပုံ

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ- ( ၁ ) စောင်
အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်)
မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ထောက်ခံစာ ( မူရင်း )

(၅) တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် ( မိတ္တူ ) (သို့မဟုတ်) ( ၁ ) စောင်
တက္ကသိုလ်ဝင်တန်း (၁၀)တန်း အောင်မြင်/ကျရှုံးကြောင်း(သို့မဟုတ်)
စနစ်သစ်ပညာရေး၏ Grade 12 သင်ယူပြီးမြောက်ကြောင်းလက်မှတ်(မိတ္တူ)
သင်ယူဖြေဆိုဖူးကြောင်း ထောက်ခံစာ(မူရင်း)

(၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာရေးကောင်းမွန်ကြောင်း ( ၁ ) စောင်
ဆေးထောက်ခံစာ(မူရင်း)

(၇) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း ဆေးမှတ်တမ်း ( ၁ ) စောင်
(မိတ္တူ)

**မှတ်ချက်**။ အသက်နှင့် ပညာအရည်အချင်းအတွက် လျှောက်လွှာ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကိုဖြည့်စွက်ရန် လိုအပ်ပါသည်။ သို့ရာတွင် လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပညာအရည်အချင်းနှင့် ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန အကြီးအကဲထောက်ခံချက်ကိုသာဖြည့်စွက်ရန် လိုအပ်ပါသည်။

**အရည်အချင်းစစ်ဆေးခြင်း**

၈။ သင်တန်းတက်ရောက်ခွင့်ရရှိရေးအတွက် အင်္ဂလိပ်စာအခြေခံ၊ သင်္ချာအခြေခံနှင့် စက်မှုဗဟုသုတများအတွက် လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်မေးစစ်ဆေးမေးမြန်းခြင်းကို မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂)စက်မှုသင်တန်း

ကျောင်း(မန္တလေး)တွင် ၃၀-၃-၂၀၂၆ မှ ၁-၄-၂၀၂၆ ရက်နေ့အထိ(၃)ရက်ပြုလုပ်သွားပါမည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့် ရက်မတိုင်မီ ရက်သတ္တ (၁)ပတ်အလို၌ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ကြေငြာထားမည်ဖြစ်ပြီး၊ တယ်လီဖုန်းနံပါတ် (၀၉-၄၄၇၆၆၀၁၄၀)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား **(မူရင်း)**၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်(မူရင်း) (သို့မဟုတ်) တက္ကသိုလ်ဝင်တန်း အောင်မြင်/ကျရှုံးဖူးကြောင်း၊ စနစ်သစ်ပညာရေး၏ Grade 12 သင်ယူ ပြီးမြောက်ကြောင်း(မူရင်း)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။ သင်တန်းဝင်ခွင့်ရသူများအတွက် အောင်စာရင်းကို အမှတ်(၂)စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် ကြေငြာထားပါမည်။

**သင်တန်းဖွင့်လှစ်မည့်နေ့ရက်**

၉။ ၂၀၂၆ခုနှစ်၊မေလ(၁၁)ရက်နေ့တွင် သင်တန်းဖွင့်လှစ်ပါမည်။ သင်တန်းဝင်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်၊ အကွက်(၁၃)၊ (၁၀)လမ်းရှိ အမှတ်(၂)စက်မှုသင်တန်းကျောင်း(မန္တလေး)သို့ ၂၀၂၆ ခုနှစ်၊ မေလ(၈)ရက်နေ့ထက်မစော၊ မေလ (၁၀) ရက်နေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အုပ်ထိန်းသူတစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက်သတင်းပို့ရမည်။

**သင်တန်းကာလ**

၁၀။ ၂၀၂၆ ခုနှစ်၊ မေလ(၁၁)ရက်နေ့မှ ၂၀၂၇ ခုနှစ်၊ မတ်လ(၂၃)ရက်ထိ (၁)နှစ်။

**နေရာထိုင်ခင်း**

၁၁။ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းကာလ၌ နေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း နေရာထိုင်ခင်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝင်ခွင့်အောင်မြင်သူများအတွက် ဦးစားပေးအစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သောကျောင်းဆောင်များတွင် နေရာချထားပေးမည်။

( ခ ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သောအကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်းအဆောင်များတွင် လာရောက်တည်းခိုခွင့်မပြုပါ။

**စားစရိတ်**

၁၂။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်အဖြစ် (၄၅,၀၀၀)ကျပ်ကို နိုင်ငံတော်မှထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူအားလုံးသည်နက်ပြာရောင်(အင်္ကျီ၊ဘောင်းဘီရှည်) တူညီယူနီဖောင်းကိုဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ်တစ်စုံလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့် (၂)စုံအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများအားလုံးသည် အောက်ပါသင်တန်းစည်းကမ်းများကိုလိုက်နာကြရမည်-

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသောဝန်ခံကတိလက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလအတွင်း မည်သည့်စာမေးပွဲမှ ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

( ဂ ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ၊ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရပါမည်။

( င ) စက်မှုဝန်ကြီးဌာန၊ ဝန်ထမ်းသင်တန်းသားသည် စည်းကမ်း ပျက်ကွက်၍ သင်တန်းမှ ထုတ်ပယ်ခြင်းခံရလျှင် ပျက်ကွက်ဝန်ထမ်းတစ်ဦးကဲ့သို့ အရေးယူခံရမည်ကိုသိရှိလိုက်နာမည့်အကြောင်းနှင့် သင်တန်းဆင်းပြီးသည့်နေ့မှစ၍ မိခင်စက်ရုံ၊ လုပ်ငန်း၊ ဌာနတို့တွင် ဆက်တိုက်(၅)နှစ် တာဝန်ထမ်းဆောင်ပါမည့်အကြောင်း သက်ဆိုင်ရာ စက်ရုံ၊ လုပ်ငန်း၊ ဌာနတို့တွင် ကြိုတင်ပြီးကတိဝန်ခံချက် လက်မှတ်ရေးထိုး၍ စာချုပ်ချုပ်ဆိုခဲ့ရပါမည်။

**အောင်လက်မှတ်ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလ ပြီးဆုံးအောင်တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲ အခမ်းအနားတွင် အောင်လက်မှတ်ချီးမြှင့်ပါမည်။

မှတ်ချက်။ ဝန်ကြီးဌာနများနှင့်စက်မှုဇုန်များအနေဖြင့် မိမိလက်အောက်ရှိဌာနခွဲများ၊ တပ်ရင်း တပ်ဖွဲ့များသို့ ဤညွှန်ကြားလွှာမူရင်းအတိုင်း အချိန်မီ ဖြန့်ဝေပေးပါရန်နှင့် လျှောက်လွှာပိတ်ရက် ၂၀၂၆ ခုနှစ်၊ မတ်လ (၂၀) ရက်နေ့ မတိုင်မီ လျှောက်လွှာတင်နိုင်ရေးအတွက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။